# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 9 , 2024 | Volume 74, Number 6


၉.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၃၁ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၂၀၀၀၀ |
| ဒေါ်လာဈေး | = ၃၄၄၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၇.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၉.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၃.၅ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၄၀၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၃၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၂.၂၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၀၆၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## မွန်ပြည်နယ်ထွက် ကွမ်းသီး ပြည်ပတင်ပို့နိုင်ရေး



တစ်ကြိမ်ရင်းနှီး စိုက်ပျိုးခြင်းဖြင့် နှစ်(၃၀)ကျော်အထိ ဝင်ငွေရရှိနိုင်သော၊ နေရာဒေသမရွေးစိုက်ပျိုးနိုင်ပြီး အခြားသီးနှံများနှင့် တွဲဖက်စိုက်ပျိုး ဝင်ငွေတိုးနိုင်သော သီးနှံတစ်မျိုးဖြစ်သည့် ကွမ်းသီးအား မွန်ပြည်နယ်အတွင်း ဧကငါးသောင်းကျော် စိုက်ပျိုးထားရှိပြီး တန်ချိန်ကိုးသောင်းကျော်ထွက်ရှိကြောင်းနှင့် မြန်မာ့ကွမ်းသီးစိုက်ပျိုးမှုတွင် ထွက်ရှိမှုအများဆုံးပြည်နယ်တစ်ခုဖြစ်ကြောင်း သိရှိရသည်။

မွန်ပြည်နယ်အတွင်း မြို့နယ်(၁၀)မြို့နယ်တွင် ကွမ်းသီးစိုက်ပျိုးထားရှိပြီး ရေးမြို့နယ်၌ အများဆုံးစိုက်ပျိုးထွက်ရှိကြောင်း၊ ပြည်ပဝယ်လိုအားများပြီး နိုင်ငံခြားဝင်ငွေရရှိနိုင်သည့် ပို့ကုန်အလားအလာရှိသော သီးနှံတစ်မျိုးဖြစ်သည့်အတွက် မွန်ပြည်နယ်ထွက်ကွမ်းသီးများအား တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံများသို့ တင်ပို့လိုကြောင်း မွန်ပြည်နယ် ကွမ်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရှိရသည်။

**Source: မွန်ပြည်နယ်ဦးစီးမှူးရုံး**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁-၁-၂၀၂၄ မှ ၅-၁-၂၀၂၄) အတွင်း ပဲနှင့်အခြား ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၉,၆၅,၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၃၂,၉၅,၀၀၀ နှင့် ပဲစင်းငုံ Red/RC(2023 Crop) ကျပ် ၃၂,၃၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၃၀,၀၀၀ ၊ မတ်ပဲSQ/RC (2023 Crop) ကျပ် ၆၇,၅၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၉၅,၀၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2023 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) နှင့် မတ်ပဲ SQ/RC(2023 Crop) ကွန်တိန်နာ ၅လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ပြီး၊ ယခုအပတ်တွင် (မတ်ပဲ SQ/RC (2023 Crop) ကွန်တိန်နာ ၅လုံး(တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ

FAQ/RC (2023 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရေတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၉၀၀၀၊ မြားနီ ကျပ် ၉,၀၀၀၊ အိမ်မဲ ကျပ် ၆၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၂၁,၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆,၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၂၂၀၀ (၄၄,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၄၀၀ (၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၈၀၀(၃၆,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၁၅၀ (၂၂၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၄၀၀ (၈၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၂၅၀ (၃၇၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၂၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၂၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများ ငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၄၉၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၅၀၀၊ ပခုက္ကူကြမ်း ကျပ် ၅၁၀၀၊ ရေစကြိုထန်းလျက် (ချော)ကျပ် ၅၈၀၀၊ ကြံသကာ(စစ်) ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၉၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁-၁-၂၀၂၄ မှ ၅-၁-၂၀၂၄ ) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မြစ်သားမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ မြစ်သားရှယ် ကျပ် ၄၀၀၀ ၊ မြစ်သားလတ်ကြီး ကျပ် ၄၀၀၀၊ မြစ်သားလတ်သန့် ကျပ် ၄၀၀၀ ၊ မြစ်သားလတ်ချော ကျပ် ၃၁၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၃၇၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၃၅၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၉၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြစ်သားရှယ် ကျပ် ၅၀၀၊ မြစ်သားလတ်ကြီး ကျပ် ၅၀၀၊ မြစ်သားလတ်သန့် ကျပ် ၅၀၀၊ မြင်းခြံရှယ် ကျပ် ၇၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၇၀၀၊ မြင်းခြံလတ်သန့် ကျပ် ၆၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၄၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၃၀ စီး (၇,၈၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၃၂ စီး (၇,၉၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၂ စီး (၁၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၀,၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၅,၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၅,၈၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၆,၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၆,၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၂၀၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁၆၀၀ (၄၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၂၉၀၀ (၈၇,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၁၃၀၀ (၃၉,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဧရာဝတီတိုင်းဒေသကြီးရှိ စပါး တင်း ၁၀၀ ဈေးနှုန်း သုံးသပ်ချက်

**(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့ ဈေးနှုန်းသုံးသပ်ချက်)**

**ပေါ်ဆန်းမွှေးစပါးဈေး**

ပေါ်ဆန်းမွှေးစပါးဈေးနှုန်းနှင့်စပ်လျဉ်း၍ ပုသိမ်ဈေးကွက် နွေစပါး တင်း ၁၀၀ လျှင် ၂၂,၇၈,၀၀၀ ကျပ် ပေါက်ဈေးရှိနေပြီး မြောင်းမြတွင် ၂၂,၉၅,၀၀၀ ကျပ်၊ ဒေးဒရဲတွင် ၂၀,၃၀,၀၀၀ ကျပ်၊ ဖျာပုံဈေးကွက်တွင် ၂၀,၃၄,၀၀၀ ကျပ်၊ မအူပင်ဈေးကွက်တွင် ၂၀,၃၀,၀၀၀ ကျပ်နှင့် လပွတ္တာဈေးကွက်တွင် ၂၂,၅၃,၁၀၀ ကျပ်ဖြင့် အသီးသီးဈေးပေါက်နေပါသည်။

**မနောသုခ စပါးဈေး**

မနောသုခစပါးဈေးနှုန်းနှင့်စပ်လျဉ်း၍ ပုသိမ်ဈေးကွက် နွေစပါး တင်း ၁၀၀ လျှင် ၁၇,၈၀,၀၀၀ ကျပ် ပေါက်ဈေးရှိနေပြီး မြောင်းမြတွင် ၁၆,၅၆,၀၀၀ ကျပ်၊ ဒေးဒရဲတွင် ၁၇,၆၆,၀၀၀ ကျပ်၊ ဖျာပုံဈေးကွက်တွင် ၁၇,၆၆,၀၀၀ ကျပ်၊ မအူပင်ဈေးကွက်တွင် ၁၅,၆၀,၀၀၀ ကျပ်နှင့် လပွတ္တာဈေးကွက်တွင် ၁၇,၉၄,၀၀၀ ကျပ်ဖြင့် အသီးသီး ဈေးပေါက်နေပါသည်။

**သီးထပ်ရင်စပါးဈေး**

သီးထပ်ရင်စပါးဈေးနှုန်းနှင့်စပ်လျဉ်း၍ ပုသိမ်ဈေးကွက် နွေစပါး တင်း ၁၀၀ လျှင် ၁၆,၂၈,၀၀၀ ကျပ် ပေါက်ဈေးရှိနေပြီး မြောင်းမြတွင် ၁၇,၃၈,၀၀၀ ကျပ်၊ ဒေးဒရဲတွင် ၁၇,၁၁,၀၀၀ ကျပ်၊ ဖျာပုံဈေးကွက်တွင် ၁၇,၁၁,၀၀၀ ကျပ်၊ မအူပင်ဈေးကွက်တွင် ၁၇,၀၀,၀၀ ကျပ်နှင့် လပွတ္တာဈေးကွက်တွင် ၁၇,၁၁,၀၀၀ ကျပ်ဖြင့် အသီးသီး ဈေးပေါက်နေပါသည်။

**ဈေးကွက်သုံးသပ်ချက်**

ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်ဈေးကွက်၊ မြောင်းမြဈေးကွက်၊ ဒေးဒရဲဈေးကွက်၊ ဖျာပုံဈေးကွက်၊ မအူပင်ဈေးကွက်နှင့် လပွတ္တာဈေးကွက်တို့ရှိ ပေါ်ဆန်းစပါး၊ မနောသုခစပါးနှင့်သီးထပ်ရင်စပါးဈေးနှုန်းများကိုသုံးသပ်သော် အဆိုပါဈေးကွက် ၆ ခုလုံးတွင် ပေါ်ဆန်းဈေးနှုန်းသည် အခြားစပါးများ၏ ဈေးနှုန်းများထက် သိသိသာသာမြင့်တက်လျက်ရှိပြီး မနောသုခနှင့် သီးထပ်ရင်စပါးများမှာ ဈေးနှုန်းကွာဟမှုအနည်းငယ်သာရှိသည်ကို တွေ့ရှိရပါကြောင်း တင်ပြအပ်ပါသည်။

**Source: AMIA**

https://htwettoe.com/download

## အိန္ဒိယက မတ်ပဲနှင့်ပဲစင်းငုံတင်သွင်းခွင့် ၂၀၂၅ မတ်လကုန်အထိ သက်တမ်းတိုးမြှင့်




အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက မတ်ပဲနှင့် ပဲစင်းငုံတို့ လွတ်လပ်စွာတင်သွင်းခွင့်ကို ၂၀၂၅ ခုနှစ် မတ်လကုန်အထိ သက်တမ်းတိုးမြှင့်လိုက်တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။

မူလက ၂၀၂၄ ခုနှစ်၊ မတ်လကုန်အထိ လွတ်လပ်စွာ တင်သွင်းခွင့်ပြုထား ခဲ့ရာကနေ အခုနောက်ထပ်တစ်နှစ် ထပ်မံတိုးမြှင့်တင်သွင်းခွင့်ပြုလိုက်တာ ဖြစ်တယ်လို့ ဆိုပါတယ်။

အခုထုတ်ပြန်ချက်ဟာ မြန်မာနိုင်ငံက ပဲစိုက်တောင်သူတွေနဲ့ ပဲတင်ပို့သူ တွေအတွက် အကျိုးဖြစ်ထွန်းစေရုံသာမက ပဲဈေးကွက်ကိုလည်း ပိုမိုခိုင်မာ စေမှာဖြစ်တယ်လို့ ဝန်ကြီးဌာနဝက်ဘ်ဆိုက်မှာ ရေးသားထားပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တစ်နှစ်လုံးမှာ ပြည်ပကို ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆ သန်းကျော်တင်ပို့ထားပြီး အမေရိကန် ဒေါ်လာ ၁ ဒသမ ၃ဘီလီယံနီးပါး ရရှိခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အချက်အလက်တွေအရ သိရပါတယ်။ ပဲတင်ပို့မှုအနေနဲ့ အိန္ဒိယနိုင်ငံကို အများဆုံးတင်ပို့တာဖြစ်ပြီး တရုတ်အပါအဝင် တခြားနိုင်ငံတချို့ကိုလည်း တင်ပို့နေတယ်လို့ သိရပါတယ်။

One News Myanmar မှကူးယူဖော်ပြပါသည်။

Source: https://t.me/htwettoe

## သယ်ယူပို့ဆောင်ရေးအခက်အခဲကြောင့် ထောပတ်သီးကို တောင်ကြီးဈေးကွက်မှာပဲ ရောင်းချနေရ




တာချီလိတ်သို့ ထောပတ်သီးကို သယ်ယူပို့ဆောင်ဖို့အတွက် အခက်အခဲတွေရှိတာကြောင့် တောင်သူတွေအများစုက တောင်ကြီးဈေးကွက်မှာပဲ ရောင်းချမှုများနေတယ်လို့ သိရပါတယ်။

တောင်ကြီးဈေးကွက်မှာ ထောပတ်သီး တစ်ကီလိုကို ၃၀၀၀ ကျပ်ဈေးရှိနေပြီး တာချီလိတ်ဈေးကွက်မှာ တစ်ကီလိုကို ၄၅၀၀ ကျပ် ဈေးပေါက်နေတယ်လို့ သိရပါတယ်။

ထောပတ်သီးတစ်ကီလိုကို ၁၅၀၀ ကျပ်ကွာဟမှုရှိပေမဲ့ သယ်ယူပို့ဆောင်ရေးစရိတ်၊ ဂျူတီကြေးစတဲ့ အထွေထွေကုန်ကျစရိတ်တွေ ကားအခက်အခဲတွေကြောင့် တာချီလိတ်ထိ သယ်ယူရောင်းချနိုင်ခြင်း မရှိတာဖြစ်ပါတယ်။ "အရင်ကတော့ တောင်သူတွေလည်း ထိုင်းဘက်ထိသွားရောင်းတာရှိတယ်၊ ထိုင်းဘက်ထိမဟုတ်တောင် တာချီလိတ်အထိတော့ ရောင်းကြတယ်၊ အခုကတော့ အခက်အခဲအမျိုးမျိုးကြောင့် တောင်ကြီးမှာပဲရောင်းလာကြတယ်။ တာချီလိတ်ထိ ရောင်းသူလည်းရှိပေမဲ့ နည်းတယ်။ ထိုင်းဘက်ကိုတော့ ပို့ဖို့ကမလွယ်တော့ ကုန်သည်ပဲတင်ပို့နေကြတဲ့အခြေအနေပါ" မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်စိုးမင်းက ပြောပါတယ်။

ရှမ်းပြည်နယ်ကထွက်ရှိတဲ့ ထောပတ်သီးကို ကုန်သည်တွေကဝယ်ယူပြီး တာချီလိတ်နယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းဘက်ကို တင်ပို့ရောင်းချနေကြတာဖြစ်ပြီး အခုနှစ်မှာ ထိုင်းကို ထောပတ်သီးတန်ချိန် ၁၀၀၀ ကနေ ၂၅၀၀ လောက်အထိ တင်ပို့နိုင်ဖို့ ခန့်မှန်းထားပါတယ်။

တာချီလိတ်ကုန်သွယ်ရေးစခန်းကနေ ထောပတ်သီးကို ထိုင်းနိုင်ငံအထိတင်ပို့ပါက အခွန် ၂ ရာခိုင်နှုန်းဆောင်ရတဲ့အပြင် သယ်ယူပို့ဆောင်ရေးစရိတ်၊ အထွေထွေကုန်ကျစရိတ်တွေရှိတဲ့အတွက် အခက်အခဲတွေရှိပြီး အချိန်ပေးရတာကြောင့် တောင်သူအများစုသည် အရင်ကတာချီလိတ်မှာ ပွဲစားတွေနဲ့ကုန်သည်တွေကို ရောင်းချရာကနေ ဒီနှစ်မှာတော့ တာချီလိတ်အထိပင် မသယ်ယူနိုင်တော့ဘဲ တောင်ကြီးမှာပဲ ထောပတ်သီးကို ရောင်းချကြတာများလာတာဖြစ်တယ်လို့သိရပါတယ်။

ထောပတ်သီးကိုတော့ ရှမ်းပြည်နယ်ကဒေသတွေနဲ့မန္တလေးတိုင်းမှာစိုက်ပျိုးပြီး တစ်နှစ်ကို ထောပတ်တန်ချိန် ၃၀၀၀ လောက်ထွက်ရှိကြောင်း၊ ထွက်ရှိမှုထဲကမှ ထိုင်းကိုအများဆုံးတင်ပို့တာဖြစ်တယ်လို့ သိရပါတယ်။

ပြည်တွင်းမှာ ထောပတ်သီးအထွက်နှုန်းကောင်းပေမဲ့လည်း အရည်အသွေးကောင်းမွန်တဲ့ အသီးနည်းတာကြောင့် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားကမျိုးစပ်ဖြစ်တဲ့ Hass အမျိုးအစားထောပတ်သီးကို တင်သွင်းစိုက်ပျိုးပြီး ပြည်ပကို တင်ပို့ရာမှာလည်း Hass အမျိုးအစားထောပတ်သီးကိုသာ တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။

Source: AMIA

#Awba

## အိန္ဒိယနိုင်ငံတွင် သကြားအထွက်ပမာဏ ၇ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့

အိန္ဒိယနိုင်ငံတွင် ၂၀၂၃-၂၀၂၄ ရာသီကာလ ပထမ (၃) လအတွင်း သကြားအဓိကထွက်ရှိသည့် ပြည်နယ်များတွင် သကြားအထွက်နှုန်းလျော့နည်းခဲ့ခြင်းကြောင့် သကြားအထွက်ပမာဏမှာ ၇ ဒသမ ၇ ရာခိုင်နှုန်းလျော့နည်းကျဆင်းပြီး၊ တန်ချိန် ၁၁၂ သိန်းသို့ လျော့နည်းထွက်ရှိခဲ့ကြောင်း The National Federation of Cooperative Sugar Factories Limited (NFCSF) က ပြောကြားခဲ့သည်။ ၂၀၂၂-၂၀၂၃ ရာသီကာလ အောက်တိုဘာလမှဒီဇင်ဘာလအတွင်း သကြားထုတ်လုပ်မှုမှာ တန်ချိန် ၁၂၁ ဒသမ ၃၅ သိန်းရှိခဲ့ကြောင်း သိရှိရသည်။ NFCSF က အိန္ဒိယနိုင်ငံတွင် သကြားရာသီကာလမှာ အောက်တိုဘာလမှ စက်တင်ဘာလအထိဖြစ်ပြီး အိန္ဒိယနိုင်ငံ၏သကြားထွက်ရှိမှုမှာ ၂၀၂၂-၂၀၂၃ ရာသီကာလတွင် တန်ချိန် ၃၃၀ ဒသမ ၉၀ သိန်းထွက်ရှိခဲ့ရာမှ ၂၀၂၃-၂၀၂၄ ရာသီကာလတွင် တန်ချိန် ၃၀၅ သိန်းသို့ လျော့နည်းထွက်ရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

NFCSF က လက်ရှိရာသီကာလ ၂၀၂၃ ဒီဇင်ဘာလအထိ စက်ရုံပေါင်း ၅၁၁ ခုမှ ကြံတန်ချိန် ၁,၂၂၃ သိန်းကို ကြိတ်ခွဲထုတ်လုပ်ခဲ့ကြောင်းနှင့် အိန္ဒိယနိုင်ငံတွင် ထိပ်တန်းသကြားထုတ်လုပ်သည့် ပြည်နယ် ၃ ခုအနက် Maharashtra နှင့် Karnataka ပြည်နယ်များတွင် ယခုရာသီကာလ အောက်တိုဘာလမှဒီဇင်ဘာလအတွင်း သကြားထုတ်လုပ်မှုမှာ လျော့နည်းကျဆင်းခဲ့ကြောင်း ပြောကြားခဲ့သည်။ NFCSF ဥက္ကဋ္ဌ Jaiprakash Dandegaonkar က ဗဟိုအစိုးရသည် ကြံရည်မှ အီသနောထုတ်လုပ်မှုကို ကန့်သတ်ခဲ့သဖြင့် အိန္ဒိယနိုင်ငံအတွင်း ပြည်တွင်းစားသုံးရန် သကြားတန်ချိန် ၃၀၅ သိန်း ထွက်ရှိနိုင်ကြောင်း ပြောကြားခဲ့သည်။ NFCSF ကထုတ်ပြန်သော ကိန်းဂဏန်းသတင်းအချက်အလက်များအရ အိန္ဒိယနိုင်ငံ၏ ထိပ်တန်းသကြားထုတ်လုပ်သည့် Maharashtra တွင် ယခင်နှစ်က သကြားတန်ချိန် ၄၇ ဒသမ ၄၀ သိန်းထုတ်လုပ်နိုင်ခဲ့ရာမှ ၂၀၂၃-၂၀၂၄ ဒီဇင်ဘာလအထိ သကြားတန်ချိန် ၃၈ ဒသမ ၂၀ သိန်းသို့ လျော့နည်းထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ တတိယအကြီးမားဆုံးသကြားထုတ်လုပ်သည့် Karnataka တွင်လည်း ယခင်နှစ်က သကြားတန်ချိန် ၂၆ ဒသမ ၇၀ သိန်း ထုတ်လုပ်ခဲ့ရာမှ တန်ချိန် ၂၄ သိန်းသို့ လျော့နည်းထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

သို့ရာတွင် အိန္ဒိယနိုင်ငံ၏ ဒုတိယအကြီးမားဆုံးသကြားထုတ်လုပ်သည့် Uttar Pradesh တွင် ယခင်နှစ်က သကြားတန်ချိန် ၃၀ ဒသမ ၈၀ သိန်းထုတ်လုပ်ခဲ့ရာမှ ယခုရာသီကာလ ဒီဇင်ဘာလအထိ သကြားတန်ချိန် ၃၄ ဒသမ ၆၅ သိန်းသို့ ပိုမိုတိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ ပျမ်းမျှသကြားထုတ်လုပ်မှုမှာ ၉ ဒသမ ၁၇ ရာခိုင်နှုန်းရှိပြီး၊ ဆောင်းရာသီသို့ ဝင်ရောက်လာသည်နှင့် သကြားထွက်ရှိမှုမှာ ပိုမိုတိုးတက်လာမည်ဟု ခန့်မှန်းသိရှိရသည်။ ရာသီကာလအကုန်တွင် Uttar Pradesh တွင် သကြားတန်ချိန် ၁၁၅ သိန်း၊ Maharashtra တွင် သကြားတန်ချိန် ၉၀ သိန်း၊ Karnataka တွင်သကြားတန်ချိန် ၄၂ သိန်း၊ Tamil Nadu တွင် သကြားတန်ချိန် ၁၂ သိန်းနှင့် Gujarat တွင် သကြားတန်ချိန် ၁၀ သိန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ခန့်မှန်းသိရှိရသည်။ NFCSF ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ Prakash Naiknavare က လက်ရှိရာသီအစကာလတွင် သကြားထုတ်လုပ်မှုမှာ တန်ချိန် ၂၉၀ သိန်းထွက်ရှိမည်ဟုခန့်မှန်းထားပြီး တန်ချိန် ၁၅ သိန်းခန့် တိုးတက်ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသဖြင့် လက်ရှိကာလတွင် အီသနောထုတ်လုပ်မှုကို ကန့်သတ်ထားမှုအား အတိုင်းအတာတစ်ခုအထိ ဖြေလျှော့ဆောင်ရွက်ပေးသွားနိုင်ကြောင်း ပြောကြားခဲ့သည်။ NFCSF နှင့် အိန္ဒိယနိုင်ငံသကြားစက် အသင်းတို့သည် အဆိုပါအရေးကိစ္စကို ဗဟိုအစိုးရနှင့်ဆွေးနွေးသွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

Source: Economic Times, 02 January 2024

(လယ်ယာထွက်ကုန်များနှင့် အစိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm

## STOCK EXCHANGE (9.1.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Jan. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,709 (Shares) | 19,368,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -100 | -1.14% | 8,700 | 8,700 | 8,700 | 192 | 1,670,400 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 828 | 2,359,800 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +200 | +2.60% | 7,900 | 7,900 | 7,900 | 3 | 23,700 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 9,128 | 14,148,400 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 5 | 12,500 | 12,823,224 | 32,058 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,900 | 411 | 781,450 | 19,977,223 | 38,956 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 42 | 197,400 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,750 | 100 | 175,000 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 9th Jan. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.37 | -0.02 | -0.01% | 364.27 | 365.37 | 364.27 | 10,709 | 19,368,650 | 8 | 689,162 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 9th Jan. 2024

| Trading Volume | Trading Value |
|---|---|
| 10,709 (Shares) | 19,368,650 (MMK) |

## Main Board

As of 1:00 pm, 9th Jan. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,709 (Shares) | 19,368,650 (MMK) |

| MYANPIX | 365.37 ▼ 0.02 |
|---|---|
| Total Volume (shares) | 10,709 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 689,162 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 100 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 200 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,950 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |